# အခန်း –(၅) လုံခြုံရေးအစီအစဉ်များရေးဆွဲခြင်း

> "လုံခြုံရေးအစီအစဉ်တခုရေးဆွဲခြင်းဟာ ကြီးမားသောအလုပ်တခုဖြစ်တယ်လို့ ကျနော်ထင်ခဲ့တာပါ။ ဟုတ်ပါတယ်။ ဒါဟာကြီးမားနိုင်ပါတယ်။ ဒါပေမယ့် အချို့ကို သင်လေ့လာထားတဲ့အတိုင်း ပြုလုပ်နိုင်ပါတယ်။ ရှုပ်ရှုပ်ထွေးထွေးကြီးလုပ်စရာမလိုပါဘူး။" HRD အရှေ့အလယ်ပိုင်း
>
> "စစ်ပွဲပြီးသွားပြီလို့ ကျနော်တို့ထင်ခဲ့ပြီး လစ်ဗျားမှာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေအတွက် အလုပ်ရုံဆွေးနွေးပွဲတခုလုပ်ဖို့ တောင်အာဖရိကကနေ ကျနော်သွားခဲ့ပါတယ်။ တညမှာတော့ စက်သေနတ်သံတွေ၊ မော်တာလက်နက်ကြီးသံတွေကို အနီးဆုံးရွာတရွာကနေ ကြားလိုက်ရပါတယ်။ ကျနော့်မှာ ဘာလုပ်ရမလဲဆိုတဲ့ အစီအစဉ်မရှိခဲ့ဘူး။ အခုတော့ ပိုပြီးသိလာပါပါပြီ..." HRD အာဖရိက
>
> "အားလုံးအတူတကွရှိခြင်းနဲ့ လုံခြုံရေးအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းက ကျနော့်အသက်ကို ကယ်ခဲ့တာပါ။" HRD အမေရိကား

ယခုအခန်းတွင် လုံခြုံရေးကိုစဉ်းစားခြင်းအတွက် မတူသောနည်းလမ်းသုံးခုကို ကျွန်ုပ်တို့တွေ့ကြရမည်ဖြစ်ပါသည်။ ၎င်းတို့မှာ လက်ခံသောနည်းလမ်း၊ ကာကွယ်သောနည်းလမ်းနှင့် တားဆီးခြင်းနည်းလမ်းတို့ဖြစ်ပါသည်။ ပြီးလျှင် ကျွန်ုပ်တို့သည် သင်ကိုယ်တိုင်အတွက်ရော သင့်အဖွဲ့အစည်းအတွက်ရောပါ လုံခြုံရေးအစီအစဉ်ကို မည်ကဲ့သို့ ပြုလုပ်ရေးဆွဲမည်ကို ကြည့်ရှုကြပါမည်။

## မိတ်ဆက်

ဤအလုပ်လမ်းညွှန်စာအုပ်၏ နောက်ဆုံးအဆင့်ဖြစ်ပါသည်။ ယခုအခါတွင် သင်အသုံးပြုခဲ့သော ရှေ့ပိုင်းကိရိယာများမှ လေ့လာထားမှုများကို အတူတကွပေါင်းစပ်နိုင်ပြီဖြစ်သည်။ ၎င်းတို့မှာ အခြေအနေအားခွဲခြမ်း စိတ်ဖြာလေ့လာခြင်း၊ အန္တရာယ် ပုံသေနည်း၊ အန္တရာယ်မက်ထရစ်၊ ခြိမ်းခြောက်မှုကိုခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အတွက်မေးခွန်းများနှင့် စိတ်ဖိစီးမှုကိုကိုင်တွယ်ဖြေရှင်းရန်အတွက် သင်၏အစီအစဉ်တို့ဖြစ်ပါသည်။

## လုံခြုံရေးနည်းလမ်းသုံးခု

ပထမဦးစွာ ကျွန်ုပ်တို့သည် လုံခြုံရေးသို့ချဉ်းကပ်ခြင်းပုံစံသုံးမျိုးကို ကြည့်ရှုကြပါမည်။ သင်နှင့်/သို့မဟုတ် သင်၏အဖွဲ့အစည်းသည် နည်းလမ်းပုံစံတမျိုးအတွက် သဘာဝအတိုင်း သို့မဟုတ် သေချာစဉ်းစားပြီး ပြုလုပ်ထားသောမူဝါဒ သို့မဟုတ် ပိုမိုကြိုက်နှစ်သက်မှု ရှိကောင်းရှိပါမည်။ သို့သော်လည်း သုံးခုလုံးကို ကြည့်ရှုခြင်း သူတို့၏အရည်အသွေးများကို စဉ်းစားခြင်းတို့မှာအသုံးဝင်လှပါသည်။

## လက်ခံသောနည်းလမ်း

ထိုနည်းလမ်းသည် သက်ဆိုင်သူအားလုံးနှင့် ညှိနှိုင်းခြင်းများပါဝင်ပတ်သက်နေသော ချဉ်းကပ်မှုပင်ဖြစ်ပါသည်။ ဒေသခံလူထု၊ အာဏာပိုင်များ စသည်တို့ဖြင့်ဖြစ်ပါသည်။ အဖွဲ့အစည်း၏တည်ရှိမှုနှင့် လုပ်ငန်းများအတွက် အမြင့်ဆုံးထောက်ခံမှုနှင့် လက်ခံမှုကို ရရှိရန်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် သေချာစွာစီစဉ်ထားမှုလိုအပ်မည်ဖြစ်ကာ လုပ်အား၊ လုပ်သားလည်းအများအပြားလိုအပ်နိုင်ပါသည်။ ခြိမ်းခြောက်မှုကိုလျှော့ချရန်အတွက် ရေရှည်တွင် အထိရောက်ဆုံးနည်းလမ်းဖြစ်နိုင်ပါသည်။ ထိုချဉ်းကပ်မှုသည် ပွင့်လင်းမြင်သာမှုများစွာရှိရန် လိုအပ်မည်ဖြစ်ပြီး ထို့ကြောင့်လည်း ခြိမ်းခြောက်မှုကြီးမားနေသောအချိန်တွင် လူမသိအောင် လိုက်လျောညီထွေလုပ်ကိုင်ရန်အတွက် တခါတရံတွင်ပိုမိုခက်ခဲတတ်ပါသည်။

## ကာကွယ်ခြင်းနည်းလမ်း

ထိုနည်းလမ်းသည် လုံခြုံရေးလုပ်ငန်းစဉ်များနှင့် ကာကွယ်ရေးအရာဝတ္ထုများကို အလေးထားသည့် ချဉ်းကပ်မှုဖြစ်ပါသည်။ သက်ရောက်မှုသည် ထိလွယ်ရှလွယ်ဖြစ်မှုကို လျှော့ချခြင်းအပေါ်တွင် အဓိကဖြစ်ပါသည်။ အမှန်ပင် ကာကွယ်ခြင်းအား အားကောင်းစေရန်အခြားနည်းလမ်းနှစ်ခုနှင့် ပေါင်းစပ်ပြီး အသုံးပြုရမည်ဖြစ်ပါသည်။

## တားဆီးခြင်းနည်းလမ်း

ထိုနည်းလမ်းသည် ကာကွယ်ခြင်းအား တန်ပြန်ခြိမ်းခြောက်မှုအပေါ်တွင် တည်မှီနေသည့် ချဉ်းကပ်မှုဖြစ်ပါသည်။ ဥပမာအားဖြင့် အကယ်၍ ခြိမ်းခြောက်ခံရပါက ခြိမ်းခြောက်သည့်သူအား ဥပဒေအရအမှုဖွင့်အရေးယူခြင်း သို့မဟုတ် ခြိမ်းခြောက်မှုကို လူသိရှင်ကြားဖြစ်အောင်လုပ်ခြင်း သို့မဟုတ် ခြိမ်းခြောက်မှုပြုလုပ်ခြင်း၏ အကျိုးဆက်များကို (နိုင်ငံတကာမရှုတ်ချခြင်းကဲ့သို့) ရှင်းပြပြီး ကျူးလွန်သူအားတုန့် ပြန်ခြင်း စသည်တို့ဖြင့် အဖွဲ့မှတုန့်ပြန်နိုင်ပါသည်။ အကယ်၍ သင့်တွင် တိကျသောသတင်းအချက်အလက်နှင့် အားကောင်းသောမဟာမိတ်များရှိခဲ့မှသာ ထိုချဉ်းကပ်မှုကိုအသုံးပြုသင့်ပါသည်။

"မိမိတို့ကိုယ်ကိုမိမိတို့မြင်သာထင်သာဖြစ်အောင် လုပ်ခြင်းသည် အကောင်းဆုံးကာကွယ်ခြင်းလုပ်ဆောင်မှုများမှ တခုဖြစ်နိုင်ပါသည်။ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကျွန်ုပ်တို့ တွေ့ဆုံ ရာတွင် ကျွန်ုပ်တို့သည် သူတို့နှင့်အတူ ဓါတ်ပုံရိုက်ရန်မဖြစ်မနေလုပ်ဆောင်ကြသည်။ ထိုဓါတ်ပုံများကို ကျွန်ုပ်တို့ရုံးတွင် လူတိုင်းမြင်နိုင်အောင် ကပ်ထားပါသည်။"

HRD အာရှ

"ကျောင်းနေဖက်သူငယ်ချင်းဟောင်း တယောက်နဲ့ ကျနော် ငါးသွားမျှားခဲ့တယ်။ သူကအခုအစိုးရဝန်ကြီးဌာနမှာ လုပ်နေတယ်လေ။ သူက ကျနော့်အတွက် အသုံးဝင်မယ့် အချက်အလက်တော်တော်များကို အေးအေးဆေးဆေးပဲ ပြောပြပါတယ်။"

HRD အရှေ့ဥရောပ

သင်သည်လုံခြုံရေးအစီအစဉ်များကို ရေးဆွဲသည့်အခါ သင်အသုံးပြုနိုင်ရန်အတွက် လက်ခံခြင်း၊ ကာကွယ်ခြင်း၊ တားဆီးခြင်းတို့၏ အရာဝတ္ထုများမှ နည်းလမ်းရွေးချယ်နိုင်မှုကို မည်သို့တိုးချဲ့ပေးမည်လည်းဆိုသည်ကို စဉ်းစားပါ။




HRD ဆိုင်ရာ UN အထူးသံတမန် Margaret Sekaggya နှင့် Abdulhadi Al Khawaja(သူသည်လက်ရှိ Bahrain မှ အကျဉ်းထောင်ထဲတွင်)

## လုံခြုံရေးအစီအစဉ်များရေးဆွဲခြင်း

ယခုကျွန်ုပ်တို့သည် လုံခြုံရေးအစီအစဉ်များကို မည်သို့ရေးဆွဲမည်ကို စဉ်းစားကြပါမည်။ အန္တရာယ်ကျရောက် နေသော HRD များလုပ်ကိုင်နေသည့် လူ့အခွင့်အရေးအဖွဲ့များတွင် အဖွဲ့အစည်းဆိုင်ရာ လုံခြုံရေးအစီအစဉ်သည် အလုပ်သမားများအား အကာအကွယ်ပေးရန်နှင့် သူတို့၏အလုပ်များကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်စေပါသည်။ အကယ်၍ သင်၏အဖွဲ့အစည်းက အန္တရာယ်များကိုကိုင်တွယ်ဖြေရှင်းခြင်းအတွက် အစီအစဉ်ကို အသိအမှတ်ပြုသည်ဆိုပါက ဝန်ထမ်းများနှင့်အဖွဲ့ဝင်များသည် သူတို့အားပိုမိုထောက်ပံ့ပေးသည်ဟု ခံစားကြရပြီး အဖွဲ့အစည်းကိုရော၊ အဖွဲ့၏အရေးကြီးသည့်လုပ်ငန်းကိုပါ သစ္စာရှိမှုမြင့်တက်လာတတ်ပါသည်။

သို့သော်လည်း ကျွန်ုပ်တို့သည် တဦးချင်းစီအတွက် လုံခြုံရေးအစီအစဉ်ကို စဉ်းစားခြင်းဖြင့် စတင်ရပါလိမ့်မည်။ ထိုအရာသည် သူတို့ဘာသာသူတို့လုပ်ကိုင်နေသော HRD များအတွက်ဖြစ်ပါသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းတွင် လုပ်ကိုင်နေသော HRD တဦးသည်လည်း သူတို့၏ကိုယ်ပိုင် လုံခြုံရေးအစီအစဉ်ရှိခြင်းအား အသုံးဝင်သည်ဟု မြင်နိုင်ကြပါသည်။ သို့သော် ယေဘုယျအားဖြင့် တဦးချင်းအတွက်ရော အဖွဲ့အတွက်ပါ အားလုံးပါဝင် ဆွေးနွေးသဘောတူထားသည် အဖွဲ့အစည်းဆိုင်ရာ လုံခြုံရေးအစီအစဉ်ရှိခြင်းသည် ပိုမိုအကျိုးရှိထိရောက်ပါသည်။ တဦးချင်းစီတို့တွင် သီးခြားအရည်အသွေးများ၊ ထူးခြားချက်များရှိသော်လည်း (ကျားမရေးရာ၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ အသက်၊ အတွေ့အကြုံ၊ အဖွဲ့အတွင်းရာထူး၊ နေထိုင်ရာဒေသ စသဖြင့်) ထိုအရာများသည် သူတို့အား အနည်းနှင့်အများအန္တရာယ်ရှိစေပါသည်။ တဦးချင်းတို့သည် မတူသောအုပ်စုအဖွဲ့ဝင်များ၏ မတူသောအတွေ့အကြုံနှင့်အမြင်ရှုထောင့်များပေါ်မူတည်ကာ လုံခြုံရေးအစီအစဉ်ကိုရေးဆွဲသည့်အခါ ယေဘုယျအားဖြင့် ပိုမိုကောင်းမွန်သော လုံခြုံရေးအစီအစဉ်များကိုရေးဆွဲနိုင်ကြပါသည်။

ထို့အပြင် အဖွဲ့အစည်းဆိုင်ရာကတိကဝတ်သစ္စာပြုမှုနှင့် လုံခြုံရေးယဉ်ကျေးမှုရှိသည့်နေရာတွင် တဦးချင်းတို့သည် လုံခြုံရေးလုပ်ဆောင်ရန် နည်းလမ်းများကို ပိုမိုပြီးတိကျစွာ လုပ်ဆောင်နိုင်ကြသည်။ တဦးချင်းစီ၏လုံခြုံ ရေးအစီအစဉ်၏ အန္တရာယ်ရှိမှုမှာ အလွန်ရှုပ်ထွေးမြန်ဆန်လာသည့်အခါတွင် သူတို့သည်ပုဂ္ဂိုလ်ရေးရာကောင်း မွန်သောရည်ရွယ်ချက်များဖြစ်လာကြပြီး ထိုရည်ရွယ်ချက်များကိုဖယ်ထုတ်ခြင်းခံလာရခြင်းပင်ဖြစ်ပါသည်။

အဖွဲ့အစည်းတော်တော်များများတွင် လူသိပိုများသော၊ အတွေ့အကြုံရှိသော HRD များက လုံခြုံရေးအစီအစဉ်ပြုလုပ်ခြင်းအတွက် တာဝန်အားလုံးကို ယူထားကာ အုပ်စုတွင်းမှအခြားအဖွဲ့ဝင်များ၏ စွမ်းရည်ကိုမတည်ဆောက်ပေးသည့်နည်းလမ်းဖြင့် အုပ်ချုပ်နေခြင်းမျိုးသည်လည်း အန္တရာယ်ဖြစ်ကာ ထိုအတွေ့အကြုံရှိသောခေါင်းဆောင် အဖွဲ့မှထွက်သွားပါက အဖွဲ့အားမလုပ်တတ် မကိုင်တတ်နှင့် ရပ်တန့်ကျန်ခဲ့စေပါသည်။ သို့သော်လည်း အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်သည် သင်၏ပုဂ္ဂိုလ်ရေးဘဝမှ အန္တရာယ်များကိုလျော့ချရာတွင် အားလုံးကိုမခြုံငုံမိပဲနေနိုင်ပါ။ သို့မဟုတ် အပြည့်အဝမခြုံငုံမိပဲနေနိုင်ပါသည်။ ထို့ကြောင့် ပုဂ္ဂိုလ် ရေးဆိုင်ရာ လုံခြုံရေးအစီအစဉ်ကိုလည်းရေးဆွဲထားပါက အကူအညီဖြစ်စေနိုင်ပါသည်။ ထို့အပြင် ပုဂ္ဂိုလ်ရေးဆိုင် ရာလုံခြုံရေးအစီ အစဉ်များကို ရေးဆွဲခြင်းသည်လည်း အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်အပေါ်တွင် ဆွေးနွေးရန်အတွက် ကောင်းမွန်သော ပြင်ဆင်မှုဖြစ်နိုင်ပါသည်။

ဥပမာအားဖြင့် WHRD တဦး၏လင်ယောက်ျားမှ သူ့ဇနီး၏လူသိများခြင်းကြောင့် ခြိမ်းခြောက်ခံရသည်ဟု ခံစားနေရပြီး ၎င်းသည်သူမထံသို့အကြမ်းဖက်မှုအဖြစ်ဖြစ်လာခဲ့ပါက သူမသည် အိမ်တွင်းမှပင်တိုးပွားလာသော ခြိမ်းခြောက်မှုကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို သူမ၏ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးအစီအစဉ်တွင် စဉ်းစားရပါလိမ့် မည်။

ထို့နောက် ကျွန်ုပ်တို့သည် အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်တခု ရေးဆွဲရန်လုပ်ငန်းစဉ်များနှင့် ၎င်း၏ ပါဝင်မှုများကို လေ့လာကြည့်ကြပါမည်။

အကယ်၍ သင်၏အဖွဲ့အစည်းတွင် ထိရောက်သောလုံခြုံရေးအစီအစဉ်မရှိပါက သင့်အဖွဲ့အစည်းအား အထောက်အကူဖြစ်ရန်အတွက် အစီအစဉ်တခုရေးဆွဲရန် ယခုအလုပ်လမ်းညွှန်စာအုပ်ကို အသုံးပြုနိုင်ပါသည်။ အကယ်၍သင်၏အဖွဲ့အစည်းက အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်ရေးဆွဲရန် တားဆီးခဲ့သည်။ သို့မဟုတ် အစီအစဉ်ရှိသော်လည်း ထိရောက်မှုမရှိဆိုပါက အချပ်ပို ၁၅ မှ လုံခြုံရေးအစီအစဉ်ရေးဆွဲခြင်းအား တားဆီးပိတ်ပင်မှုများကို ကျော်လွှားခြင်းတွင်ကြည့်ပါ။

**၁။ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးအစီအစဉ်တခုရေးဆွဲ**

**သတိပေးခြင်း** - ဘယ်အရာကသင့်ကိုလုံခြုံစေသည်ဟုခံစားရသလဲနှင့် ဘယ်အရာကသင့်ကို မလုံခြုံဟုခံစားရသလဲဆိုသော အခန်း ၁ တွင် အကြံပြုထားသည့်အတိုင်း အချက်အလက်များကို သင်သတ်မှတ်ခဲ့ပါသလား။ သတ်မှတ်ပြီးပါက ထိုအရာများကို ယခုပြန် လည်သုံးသပ်ပါ။ သင်သတ်မှတ်ထားသော အမျိုးအစားအချို့မှာ သင်၏အစီအစဉ်၏ အစိတ်အပိုင်းများဖြစ်လာနိုင်ပါသည်။ ယခုအခါတွင် သင်၏လုံခြုံရေးဆိုင်ရာခံစားမှုကို ပိုမိုကောင်းမွန်လာစေရန် ထပ်တိုးထည့်နိုင်မည့် နောက်ထပ်အမျိုးအစားများ သင့်တွင်ရှိ နေပါပြီ။

သင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးအစီအစဉ်တွင် လုံခြုံရေးမူဝါဒများ၊ လုံခြုံရေးလုပ်ငန်းစဉ်များနှင့် အရေးပေါ်အစားထိုး အစီအစဉ်များ ပါဝင်နိုင်ပါသည်။ သင်ရင်ဆိုင်နေရသော အန္တရာယ် ၂ ခု ၃ ခုပေါ်တွင် အလေးထားခြင်းအားဖြင့် သင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာအစီအစဉ်ကို စတင်နိုင်ပါသည်။ (၎င်းသည် Fig 3.1 တွင်သင်ရေးချခဲ့သည် များဖြစ်ကာ Fig 3.2 တွင်ရေးခဲ့သည်များလည်း ဖြစ်နိုင်ပါသည်။) သင်သည် အန္တရာယ် ၃ ခုထက်ပို၍လည်း ရင်ဆိုင်နေရနိုင်ကာ ဤနေရာတွင် အခြားအန္တရာယ်များကို နောက်ပိုင်းတွင်သင်ပြန်၍ ထည့်သွင်းနိုင်မည်ဖြစ်သည်။ သို့သော်လည်း စတင်ရန် ၂ ခု ၃ ခုကိုသာ အာရုံစိုက်ခြင်းသည် လုပ်ငန်းစဉ်ကို လုပ်ကိုင်ရန်ပိုမိုလွယ်ကူစေပါသည်။ HRD အများစုသည် အလယ်အလတ်မှ အလွန်မြင့်မားသည့် သက်ရောက်မှုရှိသောနှင့် အလယ်အလတ်မှ အလွန်မြင့်မားသည့် ဖြစ်နိုင်ချေရှိသော အန္တရာယ် ၂ ခု ၃ ခု ကို အာရုံစိုက်ရန်ရွေးချယ်သည်။ (အခန်း ၂ တွင်ကြည့်ပါ။)

သင်ထိုကဲ့သို့ မပြုလုပ်ရသေးလျှင် အန္တရာယ်များမည်မျှဖြစ်လာနိုင်သည် (ဖြစ်နိုင်ချေ) နှင့် ထိုအန္တရာယ်များ အမှန်တကယ်ဖြစ်လာပါက သင့်အား မည်သည့်သက်ရောက်မှုရှိလာနိုင်သည် စသည်တို့ကိုစမ်းစစ်ကြည့်ကာ အန္တရာယ်မက်ထရစ် (Fig 3.5) တွင် ထိုအန္တရာယ်များကိုနေရာချပါ။ ထိုသို့ပြုလုပ်ရန် သင်သည်သင်၏ နိုင်ငံရေးအခြေအနေနှင့်ပတ်သက်သော အတွေ့အကြုံနှင့်အ သိပညာတို့ကို အသုံးချပါလိမ့်မည်။

အလယ်အလတ်မှအလွန်ဖြစ်နိုင်ချေရှိသည်ဟု သင်သတ်မှတ်ထားသော အန္တရာယ်များအတွက် သင်သည်လုပ်ဆောင် မှု အစီအစဉ်ကိုရေးဆွဲနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်း၏ရည်ရွယ်ချက်မှာ အခြေအနေဖြစ်လာနိုင်ချေကို လျှော့ချရန်ဖြစ်ပါသည်။

ဆန့်ကျင်ဘက်သည် အလွန်ရိုးစင်းသောဥပမာဖြစ်ကာ ၎င်းသည် သင်၏အခြေအနေအတွက် လုပ်ဆောင်ရမည့် အစီအစဉ်ဆိုသည့် အဓိပ္ပာယ်မဟုတ်ပါ။ အချပ်ပိုထဲမှအရာများအပါအဝင် စဉ်စားရန် နောက်ထပ်အချက်များ၏ ဥပမာများကို သင်လေ့လာနိုင်ပါမည်။ သို့သော်လည်း ရှိနေသည့် သင်၏စွမ်းရည်နှင့် ထိလွယ်ရှလွယ်ဖြစ်မှု၏ သီးခြားအခြေအနေတွင် ဘာသည်အထိရောက်ဆုံးဖြစ်သည်ကိုသိရန် သင်သည်အသင့်တော်ဆုံးသူပင်ဖြစ်ပါ သည်။

# မိမိ၏ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးအစီအစဉ်

**အန္တရာယ်**

အန္တရာယ် ၁ ……

ဖြစ်နိုင်ချေ …… သက်ရောက်မှု ……

ခြိမ်းခြောက်မှုစမ်းစစ်ခြင်း ……

ထိလွယ်ရှလွယ်ဖြစ်မှု ……

စွမ်းရည်များ ……

လုပ်ဆောင်ရန်အစီအစဉ်

၁။ ……

၂။ ……

၃။ ……

၄။ ……

၅။ ……

အန္တရာယ် ၂ ……

ဖြစ်နိုင်ချေ …… သက်ရောက်မှု ……

ခြိမ်းခြောက်မှုစမ်းစစ်ခြင်း ……

ထိလွယ်ရှလွယ်ဖြစ်မှု ……

စွမ်းရည်များ ……

လုပ်ဆောင်ရန်အစီအစဉ်

၁။ ……

၂။ ……

၃။ ……

၄။ ……

၅။ ……

## မိမိ၏ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးအစီအစဉ်

**အန္တရာယ်များ**

အန္တရာယ် ၃ ..........................................................................................................

ဖြစ်နိုင်ချေ .............................. သက်ရောက်မှု ........................................................................

ခြိမ်းခြောက်မှုစမ်းစစ်ခြင်း ..............................................................................................

ထိလွယ်ရှလွယ်ဖြစ်မှု ..................................................................................................

စွမ်းရည်များ ..........................................................................................................

လုပ်ဆောင်ရန်အစီအစဉ်

၁။ ..........................................................................................................

၂။ ..........................................................................................................

၃။ ..........................................................................................................

၄။ ..........................................................................................................

၅။ ..........................................................................................................

ဥပမာသာဖြစ်သည်။

### ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးအစီအစဉ်

**အန္တရာယ်** = အိမ်အား ရဲရှာဖွေရေးလုပ်သည့်အခြေအနေတွင်ဖမ်းဆီးခြင်းနှင့် စာရွက်စာတမ်းများ/ဖုန်း/လက်ပ်တော့ တို့ကိုသိမ်းယူခြင်း။

**ထိုအဖြစ်အပျက်၏ဖြစ်နိုင်ချေ** – အလယ်အလတ်မှမြင့်မား၊ အခြား HRD များကို မကြာသေးခင်က ထိုနည်းအတိုင်း ပစ်မှတ်ထားခဲ့သည်။

**ထိုသို့ဖြစ်ခဲ့ပါကသက်ရောက်မှု** – ကိုယ်ကိုတိုင်အတွက် အလယ်အလတ်မှမြင့်မား၊ မိမိ၏မိသားစုနှင့်အဖွဲ့အစည်း

**ခြိမ်းခြောက်မှုစမ်းစစ်ခြင်း** – ရဲများသည် အိမ်များကိုမနက်ဝေလီဝေလင်းတွင် ဝင်စီးတတ်ကြသည်။

**ထိလွယ်ရှလွယ်ဖြစ်မှု** –

- မျှတမှန်ကန်သော ဥပဒေရေးရာလုပ်ငန်းစဉ်မရှိခြင်း။ ရှာဖွေဝရမ်းမပါခြင်း သို့မဟုတ် ရှေ့နေရှိနေရန် အခွင့်အရေးမပေးခြင်း။

- မိမိ၏အဖွဲ့အစည်းအတွင်းတွင် အကဲဆတ်သော သတင်းအချက်အလက်ကို ကျွန်ုပ်တို့ကိုင်တွယ်ဖြေရှင်းသည်
- မိမိ၏ကလေးငယ်များသည်အိမ်တွင်နေထိုင်ကြသည်။

**စွမ်းရည်များ**

စီစဉ်ရန်စွမ်းရည် (သင်ရရှိလာနိုင်သည့်ဆုံးရှုံးမှုများကိုလျှော့ချရန် သင်မည်သို့အကောင်းဆုံးကြိုတင်၍ တုန့်ပြန်မည်ဆိုသည်ကို စဉ်းစားခြင်း)

**လုပ်ဆောင်မှု**

၁။ မိမိ၏လင်ယောကျ်ားနှင့် အန္တရာယ်အကြောင်းဆွေးနွေးပြီး ရဲရောက်လာပါက မည်သူ့ကိုဖုန်းခေါ်ရမည်ကို သူ့အား ပြောပြပါ။ (အကယ်၍သူတို့ကိုပါ အဖမ်းခံရနိုင်စေမည့် အန္တရာယ်မဖြစ်စေနိုင်ပါဟုဆိုပါက ရှာဖွေမှုကို သက်သေပြုပေးနိုင်ရန် လုပ်ဖော်ကိုင်ဘက်များ/သူငယ်ချင်းများကို ခေါ်နိုင်ပါလိမ့်မည်။)

၂။အန္တရာယ်မြင့်မားလာသည့်အချိန်များတွင် ကလေးများကို သူတို့၏အဒေါ်အိမ်တွင်အိပ်ရန်စီစဉ်ပါ။

၃။ ဖြစ်စဉ်များကိုမှတ်သားရန်အတွက် အိမ်မှ CCTV (စောင့်ကြည့်ကင်မရာ) များ၏ဖြစ်နိုင်ချေကို စုံစမ်းပါ။

၄။တရားဝင်တောင်းဆိုနိုင်ရန် ထိန်းသိမ်းခံနေရစဉ် မိမိ၏အခွင့်အရေးများကို သိအောင်လုပ်ထားပါ။ (သူတို့မှ ပေးချင်မှပေးမည်ဖြစ်သော်လည်း)

၅။အကယ်၍ ရှေ့နေခေါ်ခွင့်ရှိပါက အသင့်ဖြစ်ရန် ရှင်းပြထားပြီးဖြစ်သည့် ရှေ့နေတဦးထားထားရန်။

၆။ အိမ်တွင် အန္တရာယ်ရှိစေနိုင်သော အလုပ်နှင့်ပတ်သက်သည့်ပစ္စည်းများကို မသိမ်းထားပါနှင့်။

၇။သင်၏ကွန်ပျူတာနှင့်ဖုန်းမှ အန္တရာယ်ရှိစေနိုင်သော သတင်းအချက်အလက်များကို ဖျက်ထားပါ။

၈။နိုင်ငံရေးစွတ်စွဲမှုများအတွက် လုပ်ကြံမှုများဖြစ်မလာစေရန်အတွက် မိမိ၏ပုဂ္ဂိုလ်ရေးရာကိစ္စများ (အခွန်များ စသဖြင့်) ကိုအစီအစဉ်တကျသေချာစွာထားပါ။

နောက်တဆင့်တွင် သင့်အပေါ်မြင့်မားမှ အလွန်မြင့်မားအဆင့်အထိသက်ရောက်မှုရှိသည့် သင်ရင်ဆိုင်နေရသော မည်သည့်အန္တရာယ်အတွက်မဆို လုပ်ဆောင်မှုအစီအစဉ်နှင့် အရံအစီအစဉ်ရေးဆွဲပါ။ လူမျိုးအုပ်စုများမှ ပြန်ပေးဆွဲခြင်းနှင့် ရင်ဆိုင်ခဲ့ရသည့် HRD များ၏အတွေ့အကြုံပေါ်တွင်မူတည်သည့် ဥပမာအတိုလေးများအတွက် စာမျက်နှာတဘက်တွင် ကြည့်ပါ။

"ကျနော်တို့ရုံးမှာ လုံခြုံရေးတပ်တွေက ကျနော့်ကိုဖမ်းဖို့ရောက်လာပါတယ်။ သူတို့က ဒါကို ဘယ်သူမှမသိအောင်လုပ်ချင်ကြတာ။ ကျနော်က အုပ်စုတခုလုံးကို ကြိုတင်ကုဒ်လုပ်ထားတဲ့အတိုင်း အရေးပေါ်အစည်းအဝေးဆိုပြီး စာသားမက်ဆေ့တွေ အမြန်ပဲပို့လိုက်ပါတယ်။ လူ ၅၀ လောက်ရောက်လာတဲ့အခါ လုံခြုံရေးတပ်တွေပြန် သွားကြပါတယ်။"

HRD အာရှ

## ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးအစီအစဉ်

**အန္တရာယ် =** ပြန်ပေးဆွဲခြင်း

**ထိုအဖြစ်အပျက်၏ဖြစ်နိုင်ချေ** – အလယ်အလတ်ဖြစ်နိုင်ချေ – ကျေးလက်ဒေသတွင် ခရီးသွားကြရသည့် HRD များမှာ တခါတရံတွင် လူမျိုးစုအုပ်စုများ၏ ပြန်ပေးဆွဲခြင်းကိုခံရတတ်ပါသည်။ ကျနော်ဟာ မကြာခဏပဲ ကျေးလက်ဒေသတွေကို အလုပ်ကိစ္စအတွက် သွားရတတ်ပါတယ်။

**ထိုသို့ဖြစ်ခဲ့ပါကသက်ရောက်မှု** – အဲ့ဒါဖြစ်ခဲ့ရင် အလယ်အလတ်မှအလွန်မြင့်မား – အချို့ ပြန်ပေးဆွဲခံရသူများမှာ ကောင်းမွန်စွာဆက်ဆံခြင်းခံရတတ်ပါသည်။ အခြားသူများမှာမူ စော်ကားခြင်း၊ မုဒိမ်းကျင့်ခြင်း၊ သတ်ဖြတ် ခြင်းများကို ခံကြရပါသည်။

**ခြိမ်းခြောက်မှုစမ်းစစ်ခြင်း** – နေထိုင်ရာဒေသပေါ်မူတည်ပြီး ကျူးလွန်သူများသည် မတူညီသော လူမျိုးစုအုပ်စုများမှ ဖြစ်ကြကာ လက်နက်များလည်း ကြီးမားစွာကိုင်ဆောင်ထားပါသည်။

**ထိလွယ်ရှလွယ်ဖြစ်မှု** –

- ပြန်ပေးဆွဲမှုများဖြစ်တတ်သည့် နေရာများသို့ ကျနော်သွားရန်လိုအပ်နေကာ ကျနော့်အား ဒေသခံမဟုတ်မှန်း အလွယ်တကူသတ်မှတ်နိုင်ပါသည်။

**စွမ်းရည်များ**

- ကျနော်တို့အဖွဲ့တွင် လုံခြုံရေးအတွက် ရံပုံငွေရှိပါသည်။
- ထိုအရာကိုစီစဉ်ရန်စွမ်းရည် (ဖြစ်နိုင်ချေများကိုလျှော့ချရန် သင်မည်သို့အကောင်းဆုံးကြိုတင်၍ တုန့်ပြန်မည်ဆိုသည်ကို စဉ်းစားခြင်း)

**လုပ်ဆောင်မှုအစီအစဉ်**

၁။ ပိုပြီးလူသိသည့်ပုံစံဖြင့် ခရီးသွားမည်ဆိုပါက ပိုပြီးလုံခြုံမှုရှိနိုင်မရှိနိုင် စဉ်းစားပါ။ ဥပမာ လူသိရှင်ကြားသွားခြင်း၊ လူသိများသောပုဂ္ဂိုလ်တဦးဦးနှင့်သွားခြင်း၊ လုံခြုံသောယာဉ်တန်းဖြင့်ဖြစ်နိုင်သည်။ သို့မဟုတ်

၂။ လူမသိသည့်ပုံစံမျိုးဖြင့်ခရီးသွားခြင်း၊ ပုံမှန်ခရီးသွားဘတ်စ်ကားဖြင့်ဖြစ်နိုင်သည်၊ ဒေသတွင်းမှဒေသခံများ ဝတ်ဆင်သည့် အဝတ်အစားများကိုဝတ်ဆင်လျက်။

၃။ ဖြစ်နိုင်ပါက အကာအကွယ်အဖြစ်လုပ်ဆောင်ပေးနိုင်မည့် လုပ်ဖော်ကိုင်ဘက်/အဖော်နှင့်အတူတူခရီးသွားပါ။ ဥပမာ သူ/သူမသည် ဒေသတွင်းတွင်လူသိများသည်/ ဒေသခံဘာသာစကားကိုပြောတတ်သည် စသဖြင့်

၄။ မိမိလိုရာသို့သွားရောက်ရာတွင် ယုံကြည်ရသောဒေသခံမပါပဲ ခရီးမသွားပါနှင့်။

၅။ စီစဉ်ထားသောလုပ်ဖော်ကိုင်ဘက်နှင့် ခရီးသွားအစီအစဉ်အချိန်ဇယားကို ပေးထားခဲ့ပြီး တနေ့လျှင် ၂ကြိမ် အားလုံးအဆင်ပြေနေကြောင်း သေချာစေရန်အတွက် သူနှင့်ဆက်သွယ်စစ်ဆေးပါ။

၆။ မိမိတို့အဖွဲ့နှင့်အလုပ်လုပ်ဖူးသော ပြန်ပေးဆွဲသူများအားလည်း ညှိနှိုင်းပေးနိုင်သော ကျေးရွာမှလူကြီးသူမများ၏ဆက်သွယ်ရန်အသေးစိတ်ကို စာရင်းလုပ်ထားနိုင်ကလုပ်ထားပါ – ထိုစာရင်းကို မိမိနှင့်အတူယူဆောင်လာပြီး နောက်တစောင်ကို အဖွဲ့တွင်ထားခဲ့ပါ။

၇။ ခရီးသွားရာတွင် အတိအကျအချိန်ဇယားအတိုင်း မလုပ်ပါနှင့်။

၈။ ရွာများတွင် ယုံကြည်ရသောဒေသခံများမှ ထောက်ခံအကြံပြုသည့်နေရာများကိုသာသွားပါ။

၉။ မိမိပတ်ဝန်းကျင်တွင်ဘာဖြစ်နေသည်ကို အချိန်တိုင်းသိနေအောင်လုပ်ပါ။ (အခြေအနေအားသိနေခြင်း) တစုံတခုသည်ပုံမှန်မဟုတ်ဟုထင်ရလျှင် ချက်ချင်းလုပ်ဆောင်မှုပြုလုပ်ပါ။

**အရံအစီအစဉ်**

အကယ်၍ကျနော့်အားပြန်ပေးဆွဲခဲ့လျှင်

၁။ တည်တည်ငြိမ်ငြိမ်နေပါ။ အထူးသဖြင့် ပြန်ပေးဆွဲခံရသည့် ပထမအဆင့် – ပြန်ပေးဆွဲသူများသည် စိတ် အလှုပ်ရှားဆုံးဖြစ်နေပြီး အကြမ်းဖက်ရန်စိတ်သန်နေကြစဉ်တွင်

၂။ ထွက်ပြေးရန်မကြိုးစားပါနှင့် – ပြန်ပေးသမားမှအမှန်တကယ် အဆိုးဆုံးဖြစ်ရန်မရည်ရွယ်ခဲ့လျှင်

၃။ မိမိအဖွဲ့အစည်းသို့ မက်ဆေ့တခု ချက်ချင်းပို့ရန် တောင်းဆိုပါ။

၄။ ပြန်ပေးသမား၏လေးစားမှုကိုရရန်ကြိုးစားပြီး သူတို့နှင့်နားလည်မှုတည်ဆောက်ပါ။

၅။ ကျိုးနွံကြောက်ရွံ့သည့်ပုံမပေါက်ပဲ အမိန့်များကိုလိုက်နာပါ။ သို့သော် ဆက်ဆံပုံတိုးတက်ကောင်းမွန်လာစေရန်လည်းတောင်းဆိုပါ။

၆။ ကျန်းမာရေးဂရုစိုက်ပါ – စားပြီးလေ့ကျင့်ခန်းလုပ်ပါ

၇။ အသေးစိတ်များ၊ ကျူးလွန်သူများ၏ပုံပန်းသဏ္ဍာန်များ၊ ဖြစ်နိုင်သောနေရာ၊ ကြားညောင်းသွားသောရက်များစသည်တို့ကို မှတ်သားခြင်းဖြင့် အလုပ်ရှုပ်နေပါ။

၈။ မိမိအားလွှတ်ပေးရန်အတွက် မိမိအဖွဲ့တွင် ညှိနှိုင်းမှုအစီအစဉ်ရှိပြီး သူတို့သည် ထိုကိစ္စကိုအောင်မြင်ရန် သူတို့အင်အားဖြင့် အရာရာကိုလုပ်ဆောင်လိမ့်မည်ဆိုသည်ကို သိထားပါ။

"ကျနော်ဟာစစ်တပ်အေးဂျင့်တွေရဲ့ ပြန်ပေးဆွဲဖမ်းဆီးမှုကိုခံခဲ့ရပါတယ်။ စားစရာများထုတ်လာသည့် စာရွက်မှဆိုင်းလိပ်စာကြောင့် ကျနော်ဘယ်ရောက်နေတယ်ဆိုတာကို ကျနော်သိပါတယ်။ ကျနော့်ကို မျက်နှာအဝတ်အုပ်ပြီး မေးခွန်းတွေမေးပါတယ်။ နောက်ဆုံးကျနော့်ကိုပြန်လွှတ်ပေးတဲ့အခါ နောက်ပိုင်းမှာ ကျနော်ဟာ ကျူးလွန်ခဲ့သူတဦးကို သူ့ရဲ့အသံနဲ့ သူသုံးတဲ့ မှတ်ဆိတ်မွေးရိတ်ပြီးသုံးတဲ့ ရေမွှေးနံ့တို့ကို မှန်းဆချိတ်ဆက်ပြီး ဘယ်သူဆိုတာ သိခဲ့ပါတယ်။ ကျူးလွန်သူကို တရားစွဲဖို့ဒီအချက်အလက်က မလုံလောက်ပေမယ့် အဲ့ဒီအချိန်က အဲဒီအချက်အလက်ကို သိသိနဲ့ရှာဖွေနိုင်တာဟာ ကျနော့်ကိုထိန်းချုပ်နိုင်တဲ့ အာရုံကိုပေးခဲ့ပါတယ်။"

HRD အာရှ

အချပ်ပို ၉ တွင် နောက်ထပ်အကြံပြုချက်အချို့နှင့်အတူ ထိန်းသိမ်းခြင်း/ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့နှင့် ပတ်သက်သောလုပ်ဆောင်ရန် စာရင်းဇယားပါရှိကြောင်း မှတ်သားပါ။

လုံခြုံရေးအစီအစဉ်များသည် သင်၏လုံခြုံရေးအခြေအနေအတွက် အဓိကအဆောက်အအုံ အစုအဝေးဖြစ်ပါသည်။ သို့သော်လည်း ၄င်းတို့သည် နောက်ပိုင်းတွင် ဘာဖြစ်လာမည်ဆိုသည်တိုင်းကို ခြုံငုံမိနိုင်မည်တော့ မဟုတ်ပေ။ "ဖြစ်ရပ်တချို့ဖြစ်ခဲ့လျှင် ကျနော်ဘာလုပ်ရမလဲ" လို့ စဉ်းစားတဲ့အလေ့အကျင့်ကို မွေးမြူပါ။ ဒါဟာ မျှော်လင့်ထားတာတွေကိုတင်မကပဲ မမျှော်လင့်ထားတာတွေကိုပါ တုန့်ပြန်ဖို့ သင့်ရဲ့စွမ်းရည်ကို ဖွံ့ဖြိုးအောင်လုပ်ပေးမှာပါ။

လုံခြုံရေးအစီအစဉ်နှင လုပ်ငန်းစဉ်များသည် တန်ဖိုးရှိသော ကိရိယာများဖြစ်ကြသော်လည်း သူတို့ကို အခြေအနေအားသိနေခြင်း၊ ယေဘုယျအသိနှင့် ကောင်းမွန်သောဆုံးဖြတ်မှု စသည်တို့နှင့်လည်း ချိန်ညှိရမည်ဖြစ်ပါသည်။

## ၂။ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်ရေးဆွဲခြင်း။

ပထမဦးစွာ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်ကိုရေးဆွဲရန်အတွက် ကျွန်ုပ်တို့အကြံပြုသော လုပ်ငန်းစဉ်ကို လေ့လာမည်ဖြစ်ကာ ထို့နောက်တွင် ပါဝင်မှုများကိုဖြစ်ပါသည်။

ဝန်ထမ်းများအတွက် ဥပဒေအရတာဝန်ရှိမှုမှာ တနိုင်ငံနှင့်တနိုင်ငံ ကွဲပြားနိုင်ပါသည်။ သင့်နိုင်ငံမှဥပဒေအခြေအနေမှာ ဘာဖြစ်သည်ကို သိအောင်လုပ်ပြီး သင်၏ဆွေးနွေးမှုများတွင် ဘုတ်အဖွဲ့ဝင်များကို အဆင်ပြေသလို ထည့်သွင်းပါ။

### ၂-၁။ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်တခုရေးဆွဲခြင်း၏လုပ်ငန်းစဉ်။

ကနဦးဆွေးနွေးမှုအတွက် တရက်ခွင့်ပြုပါရန် ကျွန်ုပ်တို့မှ အကြံပြုပါသည်။ ကိရိယာများအတွက် သင်သည်စာရွက်ကြီးငယ်များလိုအပ်ပါမည်။

၂.၁.၁။ အဖွဲ့အနေနှင့်ရော အဖွဲ့အတွင်းအလုပ်လုပ်နေသော လူပုဂ္ဂိုလ်အနေဖြင့်ပါ သင်ရင်ဆိုင်နေရသော အန္တရာယ်များကို စာရင်းလုပ်ပြီးဆွေးနွေးရန် သင်၏ယုံကြည်ရသောလုပ်ဖော်ကိုင်ဘက်အားလုံးကို အတူတကွခေါ်ဆောင်ပါ။ ဝန်ထမ်းများပါနိုင်သမျှတို့အပါအဝင် ထိုဆွေးနွေးပွဲသည် လုံခြုံရေးနည်းလမ်းများကို လိုက်နာလုပ်ဆောင်ရန်အတွက် လုံခြုံရေးဆိုင်ရာအသိနှင့် ပိုင်းဖြတ်မှုများကို စတင်တည်ဆောက်ပါလိမ့်မည်။ ဧည့်ခံကြိုဆိုရေးနှင့် ကားမောင်းသူများကဲ့သို့သော ထောက်ပံ့ရေးဝန်ထမ်းများသည် အန္တရာယ်အလွန်ကျရောက်နေသူများ ဖြစ်ချင်မှဖြစ်မည်ဖြစ်ကာ သို့သော်လည်း သူတို့သည် လုံခြုံရေးဖြစ်ရပ်ကို ဦးစွာသိနိုင်မည့် သူများဖြစ်နိုင်ပါသည်။ လူတိုင်းကို ပါဝင်ဆွေးနွေးရန်နှင့် ဆွေးနွေးစဉ်းစားပေးချက်များကို သေသေချာချာ စဉ်းစားပေးပါရန် တိုက်တွန်း ပါ။



western Sahara ရဲ့များဝင်ရောက်စီးနင်းပြီးနောက် တွေ့ရစဉ်

သင်၏ဆွေးနွေးပွဲများတွင် အုပ်စုများ၊ တဦးတို့ဖြင့် သင်အလုပ်လုပ်ကိုင်သည့်နည်းလမ်း၊ အကြမ်းဖက်မှုမှလွတ် မြောက်လာသူများ၊ သက်သေများ စသည်တို့ကို ထည့်သွင်းပါ။ ပြီးလျှင် သင်နှင့်ဆက်သွယ်သည့်အတွက် သူတို့ ရင်ဆိုင်ရနိုင်သည့် အန္တရာယ် များကို လည်းထည့်ပါ။ (သူတို့သည်ဆက်စပ်နေသူများဖြစ်သည့်အတွက် ထိုအုပ်စုများနှင့်တဦးချင်းတို့မှ ကိုယ်စားပြုသူများ နှင့် သင်၏လုံခြုံရေးအစီအစဉ်၏အောင်မြင်ရန်အရည်အသွေး အားစစ်ဆေးရန်အတွက် အစည်းအဝေးများ ပြုလုပ်ရန် သင်ဆုံးဖြတ် လာနိုင်ပါသည်။)

၂-၁-၂။ အန္တရာယ်မက်ထရစ်အားအသုံးပြုပြီး အန္တရာယ်များအားဦးစားပေးအဆင့်ခွဲပါ။ အန္တရာယ်တခုစီအတွက်သက်ဆိုင် သည့်လူများနှင့်အဖွဲ့အစည်းအား အန္တရာယ်မည်မျှဖြစ်နိုင်ချေရှိသည်နှင့် ၎င်း၏သက်ရောက်မှုများက ဘာတွေဖြစ်နိုင်သည် တို့အပေါ် သဘောတူညီမှုရရှိရန်ကြိုးစားပါ။ အန္တရာယ်မက်ထရစ်တစောင်ပေါ်တွင် ထိုအရာများကို နေရာချပါ။ အဖွဲ့အစည်း အများစုသည် အလယ်အလတ်မှမြင့်မားသည့်သက်ရောက်မှုနှင့် အလယ်အလတ်မှမြင့်မားသည့် ဖြစ်နိုင်ချေတို့ရှိသော အန္တရာယ် များကို အာရုံစိုက်ရန်ရွေးချယ်ကြမည်ဖြစ်ပါသည်။ သင်၏ဆွေးနွေးမှုများတွင် နည်းပါးသောအန္တရာယ်နှင့် ကိုင်တွယ်ဖြေရှင်းနိုင် ရန်အတွက် ပါဝင်သူများမှ လွယ်ကူသော အကုန်အကျနည်းသော နည်းလမ်းများကိုလည်း သတ်မှတ်နိုင်ပါသည်။ ဖြစ်နိုင်လျှင်ထိုအကြံပြုချက်များကို လက်ခံပြီး အကောင်အထည်ဖော်သင့်ပါသည်။ သို့သော်လည်း အရေးအကြီးဆုံးသော အန္တရာယ်များအား မျက် ခြေပြတ်မသွားစေသင့်ပေ။



လူ့အခွင့်အရေးအဖွဲ့များအတွက် Front Line မှ ထောက်ပံ့ပေးထားသည့် CCTV ကင်မရာများ

၂-၁-၃။ အန္တရာယ်အုပ်စု။ ထို့ကြောင့် ဥပမာအားဖြင့် အကယ်၍သင်၏ရုံးသည် ခိုးဝင်လိုသူများနှင့် ပိုင်ဆိုင်မှုများအားကိုယ်ထိလက်ရောက်တိုက်ခိုက်ရန်တို့အတွက် ထိလွယ်ရှလွယ်ဖြစ်နေပါက "ရုံးလုံခြုံရေးအတွက်အန္တရာယ်" ဆိုသည့်ခေါင်းစဉ် တခုကို တည်ဆောက်ပါ (သို့သော် အောက်တွင်ထည့်သွင်းရန် ဘာကိုရည်ရွယ်သည်ဆိုသည်ကို ရှင်းလင်းပြသည့်ဝါကျတကြောင်း ခန့်ရေးပါ၊ ထို့ကြောင့် တချိန်ချိန်တွင် တကယ့်အန္တရာယ်များသည် ၎င်းလျှိုးမသွားတော့ပေ။)

၂-၁-၄။ လုံခြုံရေးအစီအစဉ်၏ ပါဝင်မှုများကိုသဘောတူပါ။ အောက်မှာ ၂ ကိုစိတ်ကူးစိတ်သန်းများအတွက် ကြည့်ပါ။ သင်သည် လုံခြုံရေးမူဝါဒနှင့်လုပ်ငန်းစဉ်များ၊ အရံအစီအစဉ်များကို ထည့်သွင်းရန်လိုအပ်ပါလိမ့်မည်။

၂-၁-၅။ အကြီးဆုံးအန္တရာယ်တခုကိုရွေးလိုက်ပါ။ ကြီးမားသောအုပ်စုတခုအနေဖြင့် သင်၏ထိလွယ်ရှလွယ်ဖြစ်မှုကို လျော့ချပြီး ထိုအန္တရာယ်နှင့်ဆက်စပ်နေသည့် သင်၏စွမ်းရည်ကို မြှင့်တင်ရန် သင်၏လုံခြုံရေးအစီအစဉ်တွင် ဘာတွေဖြစ်သင့် သည်ကိုဆွေးနွေး၊ သဘောတူအထောက်အထားပြုလုပ်ပါ။ သင့်တွင်အချိန်ရှိပါက နောက်ထပ်အန္တရာယ်များကို စဉ်းစားပါ။(အချိန်

ကုန်သက်သာစေရန်အတွက် သင်၏အုပ်စုကို အုပ်စုငယ်များအဖြစ်သို့ ခွဲခြမ်းလိုက်ခြင်းဖြင့် ထိုအရာကိုပြုလုပ်နိုင်ပါသည်။ အုပ်စုတခုစီတွင် မတူသောအန္တရာယ်တခုစီကို သတ်မှတ်ပေးပါ။ သူတို့၏အစီအစဉ်ကို တင်ပြနိုင်ရန်အတွက် အုပ်စုတခုစီမှ အုပ်စုတခုလုံးသို့ ထင်မြင်ချက်များကိုပေးပါ။ တင်ပြချက်တခုစီကိုဆွေးနွေးပြီး ထိုအန္တရာယ်များအတွက် နောက်ဆုံးအစီအစဉ်ကို သဘောတူပါ။)

၂-၁-၆။ ကျန်ရှိသောအန္တရာယ်တခုစီအတွက် အစီအစဉ်အကြမ်းရေးဆွဲရန်အတွက်တာဝန်ကို ရေးဆွဲရန်အသင့်တော်ဆုံးသူများထံသို့ ပေးအပ်ပါ။ ရေးဆွဲရမည့်နောက်ဆုံးရက်ကိုသတ်မှတ်ပေးပါ။ ကျန်ရှိနေသော အန္တရာယ်များအတွက် နောက်ဆုံးအစီအစဉ်များ၊ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်၏ နောက်ဆုံးမူကြမ်း စသည်တို့ကို ဆွေးနွေးသဘောတူရန်အတွက် နောက်ဆုံးချက်တွေ့ကို ပြန်တွေ့ဆုံပါ။

၂-၁-၇။ လုပ်ဆောင်ရန်လိုအပ်သူအားလုံးကို အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်နှင့် ဆက်စပ်ပေးပါ။ ဝန်ထမ်းအားလုံးဆိုလျှင်ပိုကောင်းပါသည်။ ထိုအစီအစဉ်ကိုဖြန့်ဝေနိုင်မည်ဖြစ်သော်လည်း လူတိုင်းအား လုံခြုံရေးနှင့်အဖွဲ့အစည်းဆိုင်ရာလုံခြုံရေး အစီအစဉ်တို့၏ အရေးကြီးပုံကို ဆွေးနွေးရန်အခွင့်အလမ်းများ ပေးအပ်နိုင်ရန်အတွက် မျက်နှာချင်းဆိုင်တင်ပြခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

၂-၁-၈။ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်ကိုပြန်လည်သုံးသပ်ရန်နှင့် အကောင်အထည်ဖော်ခြင်းအား စောင့်ကြည့်ရန် ပုဂ္ဂိုလ်တဦးတွင် တာဝန်ရှိသည်ကို သေချာစေပါ။ ထိုတဦးသည် အခြားပြဿနာစိုးရိမ်မှုများရှိနေမည့် အဖွဲ့၏ခေါင်းဆောင်ဖြစ်မနေလျှင် ပိုမိုကောင်းမွန်ပါသည်။

၂-၁-၉။ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်သည် ဆက်လက်လုပ်ဆောင်နေရမည့် အလုပ်ဖြစ်ပါသည်။ ၎င်းသည် မြင့်တက်လာသောသင်၏လုံခြုံရေးကိစ္စအတွက် နည်းလမ်းအသစ်များကို မည်သည့်အချိန်တွင်မဆို လိုက်လျောညီထွေရှိအောင် လုပ်ဆောင်နေရမည်ဖြစ်ပါသည်။ အန္တရာယ်အသစ်ပေါ်ပေါက်လာသည့်အခါ သို့မဟုတ် ခြိမ်းခြောက်မှုတခုလက်ခံရရှိသည့်အခါတွင် သင်၏နည်းလမ်းများသည် အန္တရာယ်ကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လုံလောက်မှုရှိသေးသည်လားဟု စစ်ဆေးရန် ထိုအစီအစဉ်ကို ပြန်လည်သုံးသပ်သင့်သည်။ ထိုအန္တရာယ်အသစ် ပျောက်ကွယ်သွားပြီးသည့်အခါတွင်လည်း ထိုအခြေအနေတွင် အဖွဲ့ အစည်းလုံခြုံရေးအစီအစဉ်သည် ကိုက်ညီသေးသည်လားနှင့် လိုက်နာသေးရဲ့လားဟု စစ်ဆေးနိုင်ရန်အတွက် ထိုအစီအစဉ်ကို ပြန်လည်သုံးသပ်သင့်ပါသည်။ အဖွဲ့အစည်းလုံခြုံရေးအစီအစဉ်ကို ပြန်လည်သုံးသပ်သည့်အခါတွင် မူကြမ်းနှင့် နေ့စွဲကိုရှင်းလင်းစွာ မှတ်သားထားသင့်ပါသည်။ သို့မှသာ မည်သည့်တခုသည့် နောက်ဆုံးအစီအစဉ်ဖြစ်သည် ကို ရှင်းရှင်းလင်းလင်းသိနိုင်မည်ဖြစ်ပါသည်။

၂-၂။ "မီးပွိုင့်" လုံခြုံရေးပုံစံများ

အချို့HRD များက မီးပွိုင့်များပေါ်တွင်အခြေခံပြီး ရိုးစင်းသည့်အစီအစဉ်တခု ပြုလုပ်ရန်လည်း ဆော်သြကြပါသည်။

အခြေအနေသည် စိမ်းနေပါက အားလုံးသည်ပုံမှန်အတိုင်းဆက်လက်သွားနေမည်ဖြစ်ကာ အထူးလုံခြုံရေးကြိုတင်သတိပေးချက်မရှိပါ။

အခြေအနေသည် ဝါနေပါက အန္တရာယ်မြင့်တက်လာပြီး ကြိုတင်သတိပေးချက်အများအပြားကို သတိထားရတော့မည်ဖြစ်ပါသည်။

အခြေအနေသည် နီနေပါက အန္တရာယ်အရှိဆုံးအခြေအနေဖြစ်ကာ အမြင့်ဆုံးလုံခြုံရေးနည်းလမ်းများကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

အဖွဲ့အစည်းတခုစီတို့သည် သူတို့၏ကိုယ်ပိုင်အခြေအနေ၊ ခြိမ်းခြောက်မှု၊ ထိလွယ်ရှလွယ်မှု၊ စွမ်းရည်များပေါ် မူတည်ပြီး ကိုယ်ပိုင် မီးပွိုင့်လုံခြုံရေးပုံစံ ကိုတည်ဆောက်ထားရန်လိုအပ်ပါသည်။ သို့သော် အောက်တွင် ဥပမာအတိုလေးပေးထားပါသည်။

**ဥပမာ – မီးပွိုင့်လုံခြုံရေးပုံစံများ**

"ကျနော်တို့ဟာ အလှူရှင်ဒိုနာတွေနဲ့ ကြိုတင်ပြီးတော့ ကျနော်တို့လုံခြုံရေးကိုမြှင့်တင်ဖို့အတွက် ငွေကြေးအထောက်အပံ့ကိစ္စတွေ၊ ဆေးဝါးနဲ့အသက် အာမခံအတွက်တွေ၊ ကျနော်တို့ထောင်ကျ ဒါမှမဟုတ် အသတ်ခံရရင် မိသားစုတွေကို ဘယ်လိုထောက်ပံ့မယ် ဆိုတာတွေကို ပြောဆိုဆွေးနွေးခဲ့ပါတယ်။" HRD အမေရိကား

မီးပွိုင့်လုံခြုံရေးပုံစံများ၏ အကျိုးကျေးဇူးမှာ ၎င်းတို့သည် အလွန်ရိုးစင်းခြင်းပင်ဖြစ်ပါသည်။ ၎င်းတို့သည်လူများစွာတို့အတွက် ဆက်သွယ်လုပ်ဆောင်ရန်လွယ်ကူပြီး လုံခြုံရေးပုံစံများပြောင်းလဲသွားသည့်အခါတွင်လည်း ဆက်သွယ်ရန်လွယ်ကူပါလိမ့်မည်။ သို့သော်လည်း သူတို့သည် အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်တလျှောက် စဉ်းစားထားမှုအပြည့်အဝနှင့် အဖွဲ့အစည်းတလျှောက် လုံခြုံရေးကိစ္စအပေါ် အသိပညာဖွံ့ဖြိုးရေးတို့ကို အစားထိုးထားခြင်းတော့မဟုတ်ပါ။

| အရေးကြီးမှုအဆင့် | ဝန်ထမ်း | အလုပ်စီမံကိန်း | ရုံး |
|---|---|---|---|
| စိမ်း | ကန့်သတ်မှုမရှိ | ကန့်သတ်မှုမရှိ | သာမန်လုံခြုံရေး |
| ဝါ | –အန္တရာယ်ရှိသောဝန်ထမ်းများသည်(ကြိုတင်သတ်မှတ် ထားသော)အိမ်တွင်အလုပ် လုပ်ရန်။<br>–ရုံးတွင်ဝန်ထမ်းတစ်ဦးတည်း သို့မဟုတ် သတ်မှတ်ထားသော ရုံးချိန်ပြင်ပတွင် အလုပ်မလုပ်ရန်။<br>–အရေးပေါ်အချေအနေတွင် မည်သူကိုဖုန်းဆက်ရမည်ကို သတိပေးထားခြင်း။<br>–ယုံကြည်ရသောအိမ်နီးချင်းများ၊ ဒေသခံလူထုများအား တပ်လှန့်ထားခြင်း | –အကဲဆက်သော စီမံကိန်းများကိုရပ်တန့်ထားပါ(၎င်းတို့သည် အကဲဆက်သည်ဟု ကြိုတင်သတ်မှတ်ထားသော)<br>–ရှေ့နေများကိုတပ်လှန့်ထားပါ။<br>–အခြားအလုပ်များဆက်လုပ်နေပါ။ | –လုံခြုံရေးဝန်ထမ်းငှားထားပါ<br>–ဧည့်သည်များကိုခွင့်မပြုပါနှင့်။<br>–ရုံးတွင် သို့မဟုတ် အိမ်တွင် အကဲဆက်သော သတင်းအချက်အလက်များရှိမရှိ စစ်ဆေးပါ။<br>–ယုံကြည်ရသောအိမ်နီးချင်းများ၊ ဒေသခံလူထုများအား တပ်လှန့် ထားခြင်း။<br>–ရဲများကို နှိုးဆော်ထဲပါ (သင့်တော်သည်ဟုထင်လျင်) |
| နီ | –အန္တရာယ်အရှိဆုံးဝန်ထမ်းများအားနေရာပြောင်းရွှေ့ပါ (ဘယ်ဝန်ထမ်းအားဘယ်ပို့မည်ကို ကြိုတင်ဆုံးဖြတ်ထားပါ)<br>–အခြားဝန်ထားများအလုပ်သို့ မလာပါစေနေနှင့် | | |

## ၂-၃။ အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်တခုတွင်ပါဝင်မှုများ

အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအစီအစဉ်ရေးဆွဲထားသည့် အဖွဲ့တိုင်းသည် သူတို့၏နောက်ခံအခြေအနေ၊ သူတို့ ရင်ဆိုင်နေရသည့်အန္တရာယ်၊ လက်ခံရရှိသည့်ခြိမ်းခြောက်မှု၊ သူတို့၏ထိလွယ်ရှလွယ်မှုနှင့် စွမ်းရည်များပေါ်တွင်မူတည်ပြီး ထိုအစီအစဉ်ကို မတူကွဲပြားစွာလုပ်ကိုင်ကြပါလိမ့်မည်။

တဘက်စာမျက်နှာမှ အချို့ခေါင်းစဉ်များသည် သင်၏အဖွဲ့အစည်းဆိုင်ရာ လုံခြုံရေးအစီအစဉ်တွင် ထည့်သွင်းရန် သင်စဉ်းစားလိုက စဉ်းစားနိုင်ပါသည်။

"ကျနော်တို့ဝန်ထမ်းအားလုံးက ရှာဖွေဝရမ်းကဘယ်လိုပုံစံဆိုတာကို သိကြပါတယ်။ အဲ့ဒါကိုဘယ်လိုစစ်ဆေးရမယ်ဆိုတာ သူတို့သိကြပါတယ်။ အာဏာပိုင်များက ရုံးကိုလာရောက်ရှာဖွေလျှင် လူများကိုရှာဖွေ၍မရဘူးဆိုသည်ကိုလည်း သူတို့သိရှိကြပါသည်။ ထို့ကြောင့် အကယ်၍ကျနော်တို့ရုံးအား ရှာဖွေမည်ဆိုပါက ကျနော်တို့ရဲ့ လက်ပ်တော့အသေးလေးတွေကို ကျနော်တို့ဂျင်းဘောင်းဘီအောက်ထဲမှာ ဖွက်ထားကြပါတယ်။"

HRD အရှေ့ဥရောပ



HRD တဦးဖြစ်သည့် ဘုန်းတော်ကြီး Sovath Luon (ညာဘက်) ရိုက်ကူးထားသည့် အထောက်အထားများသည် လူစိတ်ဝင်စားမှုကို ကူညီမြှင့်တင်ပေးပြီး အကာအကွယ်ရရန် လုပ်ဆောင်ပေးသည်။

| ခေါင်းစဉ် | ဖြစ်နိုင်ချေရှိသော ပါဝင်မှုဥပမာများ | မှတ်ချက် |
|---|---|---|
| အဖွဲ့အစည်း၏ ရည်မှန်းချက် (Mission) | ဥပမာ – ရှေ့နေမငှားနိုင်သော သူများအတွက် အခမဲ့ဥပဒေ ရေးရာအကူအညီပေးပါသည်။ | ၄င်းသည်တိုပြီးတိကျရှင်းလင်း မှု ရှိရမည်ဖြစ်ကာ ဝန်ထမ်းများ သည် ၄င်းကို လျှင်မြန်မစွာ ပြန် ပြောနိုင်ရမည်( ဥပမာ လမ်း ဘ လော့တွင်) |
| အဖွဲ့အစည်း၏ လုံခြုံရေးနှင့် ပတ်သက်သည့်ကြေငြာချက် | ဝန်ထမ်းများသည် အန္တရာယ်များလွန်းသည်ဟု သုံးသပ် မိပါက တာဝန်ပေးခြင်းကို ငြင်းဆန်နိုင်ပါသည်။ | |
| လုံခြုံရေးနှင့်ပတ် သက်သည့် ယေ ဘုယျ ကြေငြာချက် | - လုံခြုံရေးသည် လုပ်ငန်း စဉ်များကို လိုက်နာခြင်းနှင့် ပတ်သက်သည်သာမဟုတ်ပါ။ သို့သော် အခြေ အနေကိုသိ နေခြင်းနှင့် အခြေခံအသိတို့ကို အမြဲတမ်းလုပ်ကိုင်ကျင့် သုံး နေခြင်းပင်ဖြစ်ပါသည်။<br><br>- လုံခြုံရေးသည်အားလုံး အ တွက်ဖြစ်ပါသည်။ အကယ်၍တစုံတဦးက နယ်ပယ် တခုကိုလျစ်လျူရှုခဲ့လျှင် ၎င်း သည် အဖွဲ့ပအစည်းတ ခုလုံးကို အန္တရာယ်ကျ ရောက် စေပါမည်။ | |
| အဓိကအခန်းကဏ္ဍနှင့် တာဝန်ယူ မှုများ | - လုံခြုံရေးအတွက်အလုံးစုံ တာဝန်ရှိသောသူ<br><br>- အစီအစဉ်ဆွဲခြင်းနှင့်သုံး သပ်ခြင်း၊ အာမခံ၊ အကောင် အထည်ဖော်ခြင်းတို့အပါအဝင် အခြားဝန်ထမ်းများ၏ တာဝန်များ<br><br>- စည်းမျဉ်းနှင့်လုပ်ငန်းစဉ် များ အန္တရာယ်ကိုလျှော့ချ ခြင်း၊ လုံခြုံရေးဖြစ်ရပ်များကို ဆက်သွယ်ခြင်း၊ ပုဂ္ဂိုလ် ရေးဘဝမှ ဘေးကင်းလုံခြုံမှုတို့နောက်မှ တဦးချင်းတာ ဝန်ယူမှုများ | အလုပ်တာဝန်သည် နာမည်များ ထက်ပိုမိုကောင်းမွန်ပါသည်။ သူတို့သည် မပြောင်းလဲလိုကြပါ။ |
| အကျပ်အတည်းအား ကြီးကြပ် ထိန်းချုပ်မှုအစီအစဉ် | - ထိုအစီအစဉ်ကိုအသက် ဝင်လာစေမည့် အရေးပေါ် ပုံစံမား၏ အဓိပ္ပာယ်ဖွင့်ဆို ချက်များ<br><br>- အကျပ်အတည်းကော်မတီကိုဖွဲ့စည်းခြင်း၊ ဝန်ထမ်းများ နှင့်၊ ဆွေမျိုးများနှင့်၊ အာဏာ ပိုင်များနှင့်၊ မီဒီယာများနှင့်၊ အလှူရှင်များ စသည့်သူများ ဖြင့် ဆက်သွယ်ခြင်း၊ | မျှော်လင့်မထားသော အရေး ပေါ်များအတွက် |

| | | |
|---|---|---|
| လုံခြုံရေးမူဝါဒများနှင့်လုပ်ငန်း | - ရုံးလုံခြုံရေး<br>- အိမ်လုံခြုံရေး<br>- အမှုသည်၊ သက်သေ စသည့် သူတို့ဖြင့် ဆက်ဆံခြင်း<br>- ကွန်ပျူတာ၊ဖုန်းလုံခြုံရေး<br>- သတင်းအချက်အလက် ကြီးကြပ်ထိန်းချုပ်ခြင်းနှင့်သိုမှီးခြင်း<br>- လက်တွေ့ကွင်းဆင်းလုပ် ဆောင်ခြင်း<br>- မော်တော်ယာဉ်ထိန်းသိမ်း ခြင်းနှင့်အသုံးပြုခြင်း<br>- တိုက်ခိုက်မှုများကိုရှောင် ကျဉ်ခြင်း (ခိုးယူမှု၊ လိင်စော်ကားမှုအပါအဝင် စော်ကား မှုများ)<br>- ငွေကြေးကိုကိုင်တွယ်ကြီးကြပ်ခြင်း<br>- မီဒီယာကိုဆက်ဆံခြင်း<br>- အာဏာပိုင်များကိုဆက်ဆံ ခြင်း<br>- အဖွဲ့အစည်းအတွင်း စိတ်ဖိစီး မှုကိုလျှော့ချခြင်း | သင်၏နောက် ခံအခြေအနေဖြင့် ဆက်စပ်နေ ပါသည်။ မူဝါဒနှင့်လုပ်ငန်းစဉ် အချို့တို့သည် ထပ်နေပါလိမ့် မည် လုပ်ငန်းစဉ်များကိုထပ် လုပ်ခြင်းသည် ရှုပ်ထွေးသော ရည်ညွှန်းမှုထပ်နေခြင်းများ ထက် ပိုမိုကောင်းမွန်ပါသည်။ |
| အရံအစီအစဉ်များ | - ထိန်းသိမ်းခြင်း/ဖမ်းဆီးခြင်း/ ခေါ်ဆောင်သွားခြင်း/သေဆုံးခြင်း<br>- လိင်ပိုင်းဆိုင်ရာစော်ကားခြင်း အပါအဝင်စော်ကားမှုများ<br>- အာဏာသိမ်းခြင်းဖြစ်ရပ် | ထိုအရာများသည် "အကယ်၍.....ဖြစ်ခဲ့လျှင်ဘာလုပ်မည်လဲ" ဆိုသည့်အစီအစဉ်များဖြစ်ပါသည်။ သင်၏နောက်ခံအခြေအနေများပေါ်မူတည်ပြီးလိုအပ်သည့်အရာများနှင့် သင်ရင်ဆိုင်နေရသောအန္တရာယ်များ |